Assistance Association for Political Prisoners
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
AAPP

ဧပြီ (၁၁) ရက်၊ ၂၀၂၃




# စစ်အုပ်စုမှ သေဒဏ်ချမှတ်ခြင်း


၂၀၂၂ ခုနှစ် ဇူလိုင်လမတိုင်မီ မြန်မာနိုင်ငံ၌ အနီးကပ်ဆုံးသေဒဏ်ချမှတ်သတ်ဖြတ်မှုမှာ ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ ရထားလမ်းဗုံးဖောက်ခွဲမှုတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲ၍ ကရင်တော်လှန်ရေးသမား (၃) ဦးကို ၁၉၈၆ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်အတွင်း သေဒဏ်ပေးသတ်ဖြတ်ခဲ့မှုဖြစ်သည်။ ၂၀၂၁ ခုနှစ် တစ်ကျော့ပြန်စစ်အာဏာလုမှုဖြစ်ပွားပြီးနောက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့နှင့် ၂၄ရက်နေ့တို့တွင် စစ်အုပ်စုသည် (အထက်ပုံပါ - ဘယ်မှညာ - ဦးကျော်မင်းယု (ခေါ်) ကိုဂျင်မီ - အသက် ၅၃ နှစ်၊ ကိုဖြိုးဇေယျာသော် - အသက် ၄၁ နှစ်၊ ကိုလှမျိုးအောင် - အသက် ၄၂ နှစ်၊ ကိုအောင်သူရဇော် - အသက် ၂၇ နှစ်) ဒီမိုကရေစီအရေးလှုပ်ရှားသူ (၄) ဦးကို သေဒဏ်ပေးသတ်ဖြတ်ခဲ့သည်။ အောက်ဖော်ပြပါ ကိန်းဂဏန်းများတွင် အဆိုပါ (၄) ဦးမှာ သေဒဏ်ချမှတ်၍ သတ်ဖြတ်ခံရပြီးဖြစ်သည့်အတွက် ၎င်းတို့စာရင်းကို ထည့်သွင်းမရေတွက်ထားပါ။

အာဏာသိမ်းချိန်မှစ၍ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ အေအေပီပီမှ စုဆောင်းကောက်ယူထားသည့် စာရင်းများအရ စစ်အုပ်စုသည် ဒီမိုကရေစီရေးလှုပ်ရှားသူနှင့်အရပ်သား **(၁၅၁)** ဦးကို သေဒဏ်အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။ ပျမ်းမျှအားဖြင့် သေဒဏ်ချမှတ်ခံရသူတို့၏ **(၉၀) ရာခိုင်နှုန်း**အမျိုးသားများဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ စာရင်းအရ သေဒဏ်ချမှတ်ခံရသူ (၁၁၇) ဦး၏ အသက်အရွယ်ကို အေအေပီပီအနေဖြင့် အတည်မပြုနိုင်သေးပါ။ အသက်အရွယ်သိရှိထားသော သေဒဏ်ချမှတ်ခံရသည့် ဒီမိုကရေစီအရေးလှုပ်ရှားသူ (၃၄) ယောက်တွင် (၅၈.၈) ရာခိုင်နှုန်းမှာ အသက် ၃၀ အောက် ပုဂ္ဂိုလ်များဖြစ်သည်။ ၎င်းကို ကြည့်ခြင်းအားဖြင့် စစ်အုပ်စုသည်စစ်အာဏာ သိမ်းမှုကို ဆန့်ကျင်၍ ဒီမိုကရေစီအရေးကို တက်တက်ကြွကြွ ထောက်ခံလှုပ်ရှားနေသော လူငယ်များအပေါ် သေဒဏ်ချမှတ်ခြင်းကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားလုပ်ဆောင်နေသည်ကို တွေ့နိုင်သည်။

## အသက်အရွယ်အလိုက် သေဒဏ်ချမှတ်မှု




## ဂျဲန်ဒါအလိုက် သေဒဏ်ချမှတ်မှု




ဤရာခိုင်နှုန်းများသည် အသက်အရွယ် သိရှိထားပြီးဖြစ်သော လူ (၃၄) ယောက်ကို အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်သည်။ ဖော်ပြပါ ဇယားသည် အသက်အရွယ်ကို အတည်ပြု၍မရနိုင်သေးသော လူ (၁၁၇) ယောက်ကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

ဤထုတ်ပြန်ချက်ပါ အချက်အလက်ကိန်းဂဏန်းများမှာ ဖေဖော်ဝါရီ ၁ ရက် ၂၀၂၁ ခုနှစ်မှ ဧပြီလ ၆ ရက် ၂၀၂၃ အထိ AAPP မှ စုဆောင်းမှတ်တမ်းတင်ထားသည့် အချက်အလက်များကို အခြေခံထားခြင်းဖြစ်သည်။ ဤထုတ်ပြန်ချက်ပါ အချက်အလက်များကို အေအေပီပီ၏ "ထိန်းသိမ်းခံနေရဆဲ" Airtable တွင် အချိန်မရွေးဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အေအေပီပီ၏ အချက်အလက်ကောက်ယူခြင်းနှင့် အတည်ပြုခြင်းလုပ်ငန်းစဉ်အသေးစိတ်ကို *Towards Accountability: The Urgent Need for Renewed International Attention to Sit-Tat's Crimes Against Humanity in Burma*, စာမျက်နှာ ၁၁-၁၂ (၂၀၂၃) အစီရင်ခံစာတွင်ဖတ်ရှုနိုင်ပါသည်။

# ထောင်အလိုက် သေဒဏ်ချမှတ်ထားမှု


## ဖေဖော်ဝါရီ ၁၊ ၂၀၂၁ – ဧပြီ ၆၊ ၂၀၂၃

အာဏာသိမ်းချိန်မှစ၍ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ စစ်အုပ်စုသည် ဒီမိုကရေစီအရေးလှုပ်ရှားသူ (၁၅၁) ဦးကို သေဒဏ်ပေးခဲ့ပြီးဖြစ်၍ ထိုထဲတွင် (၄၂)ဦးမှာမျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်ပြီး ကျန် (၁၀၉)ဦးမှာ ဖမ်းဆီးထိန်းသိမ်းခံရပြီး သေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ထို (၁၅၁) ဦးတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းစစ်အုပ်စုက ကွပ်မျက်ခဲ့သည့် လူပုဂ္ဂိုလ် (၄) ဦးကို ထည့်သွင်းမထားပါ။ သေဒဏ်ချမှတ်ခံထားရသော နိုင်ငံရေးအကျဉ်းသား (၁၀၉) ဦး၏ (၇၅.၂) ရာခိုင် နှုန်းမှာ ရန်ကုန်တိုင်းရှိ အင်းစိန်ထောင်၌ ထိန်းသိမ်းခံထားရသည်။ သို့သော် ထိန်းသိမ်းခံထားရပြီး သေဒဏ်ချမှတ်ခံထားရသောနိုင်ငံရေး အကျဉ်းသား (၄) ဦး၏ တည်နေရာကိုမသိရှိရသေးပါ။ အောက်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသော သေဒဏ်ကျနိုင်ငံရေးအကျဉ်းသားအရေအတွက်အပါအဝင် ၎င်းတို့ထိန်းသိမ်းခံနေရသည့်အကျဉ်းထောင်များကို အေအေပီပီမှရွေးထုတ်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကိုနှင်းမောင် (အသက် ၃၆ နှစ်) နှင့် ကိုကျော်ထက် (အသက် ၃၀ နှစ်) တို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၄ ဖြင့် သေဒဏ်ချမှတ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ပင်းတလဲနယ် ရဲစခန်းမှ ရဲများက ၎င်းတို့ ၂ ဦး စီးလာသော မော်တော်ဆိုင်ကယ်ကို သေနတ်ဖြင့် ပစ်ခတ်၍ ၎င်းတို့ကို ဖမ်းဆီးခဲ့သည်။ အဖမ်းဆီးမခံရစဉ်က ၎င်းတို့ ၂ ဦးမှာ မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၌ နေထိုင်ကြသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် စစ်ခုံရုံးမှ ကိုချစ်ကိုကို (ခေါ်) နဂါးကို ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၆၀) ရပ်ကွက်၌ စစ်အုပ်စု၏တပ်ဖွဲ့ဝင်များကို အခြားလူ (၂) ဦးနှင့် တကွ တိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၄ ဖြင့် သေဒဏ်ချမှတ်ခဲ့ပြီး အိုးဘိုထောင်၌ ချုပ်နှောင်ထားသည်။ အဆိုပါ နှစ်ဦးမှာ ကိုမျိုးဇင်အောင် (ခေါ်) ကိုမျိုးနှင့် ကိုနေသွေးတို့ဖြစ်၍ ၎င်းတို့ကိုလည်း သေဒဏ်ချမှတ်ထားပြီး လက်ရှိတွင် အင်းစိန်ထောင်၌ ဖမ်းဆီးထိန်းသိမ်းထား သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဟင်္သာတထောင်တွင်းရှိ အထူးတရားရုံးမှ ကိုကောင်းခန့်ကျော် (အသက် ၂၅ နှစ်) ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁)(ဂ) ဖြင့် သေဒဏ်ချမှတ်ခဲ့သည်။ ကိုကောင်းခန့်ကျော်သည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည) ဖြင့် ထောင်ဒဏ် ၅ နှစ် ချမှတ်ခံရပြီးဖြစ်သည်။ ဧရာဝတီတိုင်းရှိ မူလတန်းတွင် စာသင်ကြားနေသော ကိုကောင်းခန့်ကျော်သည် အာဏာဖီဆန်ရေး ပြည်သူ့လှုပ်ရှားမှု (CDM) ၌ ပါဝင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် သပြေကုန်းရွာရှိ စစ်တပ်သတင်းပေးဆိုသူ ဝင်းညွန့်အောင် သေဆုံးမှုနှင့်ပတ်သက်၍ ဖမ်းဆီးခြင်းခံခဲ့ရသည်။




၂၀၂၂ ခုနှစ် ဇွန်လတွင် စစ်အုပ်စုမှ ဂျူးဇက်၊ ဦးမောင်ငြိမ်း၊ ဦးမောင်ခုံ တို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် သေဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့ (၃) ဦးသည် ၂၀၂၁ ခုနှစ်တွင်း အဖမ်းဆီးမခံရစဉ်က ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၌ နေထိုင်ကြပြီး မောင်ငြိမ်းမှာ စစ်အုပ်စု၏တပ်ဖွဲ့ (၄) ဦး အသတ်ခံရမှုနှင့် ဆက်စပ်သည်ဟု စွပ်စွဲ၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အင်းစိန်ထောင်တွင်းရှိ စစ်ခုံရုံးမှ လူငယ် (၄) ဦးကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် သေဒဏ်ချမှတ်ခဲ့သည်။ ထိုလူငယ် (၄) ဦးမှာ ကိုမင်းထက်သာ၊ ကိုဝေယံဇင် (အသက် ၂၂ နှစ်)၊ ကိုသူထူးအောင်၊ ကိုဖြိုးတို့ဖြစ်သည်။ ၂၀၂၂ ခုနှစ် မေလ ၂၄ ရက်နေ့၌ ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ခင်မောင်သန်း၏ အမှုနှင့်ပတ်သက်မှုရှိသည်ဟု စွပ်စွဲ၍ ၎င်းတို့ (၄) ဦးကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

၂၀၂၁ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် စစ်ခုံရုံးမှ မလှလှနိုင်(ခေါ်) မနိုင်နှင့် ကိုကျော်ကျော်နိုင်(ခေါ်) ကိုကျော်နိုင်တို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် သေဒဏ်ချမှတ်ခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ၎င်းတို့ (၂) ဦးကို အင်းစိန်ထောင်မှ ပုသိမ်ထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းတို့ကို ၂၀၂၁ ခုနှစ် မတ်လတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အဖမ်းဆီးမခံရစဉ်က သူတို့မှာ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၌ နေထိုင်ကြသည်။

# ပုဒ်မအလိုက် သေဒဏ်ချမှတ်ထားမှု

စစ်အုပ်စုသည် ၎င်း၏မအောင်မြင်သော အာဏာသိမ်းမှု ကြိုးပမ်းချိန်မှစတင်၍ ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် အရပ်သားပြည်သူများအပေါ် သေဒဏ် (၁၅၉) ကြိမ် ချမှတ်ခဲ့ပြီးဖြစ်သည်။ ထို (၁၅၉) ကြိမ်မှာ ဒီမိုကရေစီအရေးလှုပ်ရှားသူ (၁၅၁) ဦး အားချမှတ်ခဲ့ခြင်းဖြစ်ပြီး သေဒဏ်ချမှတ်ခြင်းကို စစ်အုပ်စုက လက်နက်သဖွယ် အသုံးပြုခဲ့သည်ကို တွေ့ရသည်။ ဖော်ပြပါ (၁၅၁) ဦးစာရင်းတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း စစ်အုပ်စုက သေဒဏ်အမိန့်ဖြင့်သတ်ဖြတ်ခဲ့သည့် လူပုဂ္ဂိုလ် (၄) ဦး ကို ထည့်သွင်းမထားပါ။ အဆိုပါ သေဒဏ်ချမှု (၁၅၉) မှုတွင် အမှုအားလုံး ၏ (၆၃.၅) ရာခိုင်နှုန်းမှာ ရာဇသတ်ကြီးဥပဒေဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ (၁၅၁) ဦးထဲတွင် တပ်မတော်အက်ဥပဒေဖြင့် သေဒဏ်ချမှတ်ခံထားရသူတစ်ဦးပါဝင်သည်။ အရေးကြီးသည့် အချက်တစ်ခုမှာ အေအေပီပီအနေနှင့် သေဒဏ်တစ်ကြိမ်ထက်ပို၍ ချမှတ်ခံထားရသည့် နိုင်ငံရေးအကျဉ်းသား (၅) ဦး၏ ဖြစ်စဉ်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ စစ်အုပ်စုနှင့် ၎င်းတို့၏ အပေါ်ယံသရုပ်ပြသက်သက်ဖြစ်သော တရားခွင်များသည် ပွင့်လင်းမြင်သာမှု လုံးဝမရှိသောကြောင့် သေဒဏ်ချမှတ်ခံထားရသည့် နိုင်ငံရေးအကျဉ်းသား (၁၆) ဦး၏ သေဒဏ်ချမှတ်ခံရသော ဥပဒေပုဒ်မကို ယခုထိတိုင် သိရှိရခြင်းမရှိသေးပါ။

## ရာဇသတ်ကြီးဥပဒေဖြင့် သေဒဏ်ချမှတ်ထားမှု

**ပုဒ်မ ၃၀၂ - ၈၁ ဦး**

**ပုဒ်မ ၃၉၆ - ၂၀ ဦး**

- ပုဒ်မ ၃၀၂ ဖြင့် လူသတ်မှု (ဥပမာ ကြိုတင်ကြံစည်ထားသော လူသတ်မှု) ကျူးလွန်ခဲ့သည်ဟု ပြစ်မှုထင်ရှားသူများကို သေဒဏ်ချမှတ်နိုင်သည်ဟုဆိုထားသည်။ ဤပုဒ်မဖြင့် စစ်အုပ်စုသည် လူ (၇၆) ဦးကို သေဒဏ်ချမှတ်မှု (၈၁) ကြိမ် ချမှတ်ခဲ့ပြီး ဖြစ်သည်။ ထိုထဲတွင် (၅၅)ဦးမှာဖမ်းဆီးထိန်းသိမ်းခံရပြီး သေဒဏ်ချမှတ်ခံရခြင်းဖြစ်ကာ ကျန် (၂၁) ဦးမှာ မျက်ကွယ်သေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သေဒဏ်ချမှတ်ခံရသူများထဲမှ (၅) ဦးမှာ ဤလူသတ်မှုပုဒ်မဖြင့်ပင် သေဒဏ်နှစ်ကြိမ်စီချမှတ်ခံရခြင်းဖြစ်ပြီး ထို (၅) ဦးထဲမှ (၃) ဦးမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ (၅၄) ဖြင့် တတိယမြောက်သေဒဏ်ထပ်မံချမှတ်ခံခဲ့ရသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိအချက်အလက်များအရ နောက်ထပ် နိုင်ငံရေးအကျဉ်းသား (၇၃) ဦးမှာ ပုဒ်မ ၃၀၂ ဖြင့် ရုံးထုတ်ကြားနာနေရဆဲဖြစ်သည်။
- ပုဒ်မ ၃၉၆ ဖြင့် လူ (၅) ယောက်နှင့်အထက် အုပ်စုဖြင့် ဓားပြတိုက်စဉ် သို့မဟုတ် လက်နက်ကိုင်လုယက်မှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ခဲ့သည်ဟု ပြစ်မှုထင်ရှားသူများကို သေဒဏ်ချမှတ်နိုင်သည်ဟု ဆိုသည်။ စစ်အုပ်စုသည် ဤပုဒ်မဖြင့် လူအယောက် (၂၀) ကို သေဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။ ထိုထဲတွင် (၃)ဦးမှာဖမ်းဆီးထိန်းသိမ်းခံရပြီး သေဒဏ်ချမှတ်ခံရခြင်းဖြစ်ပြီးကျန်(၁၇) ဦးမှာ မျက်ကွယ်သေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိ အချက်အလက်များအရ အေအေပီပီအနေဖြင့် ပုဒ်မ ၃၉၆ ဖြင့် ရုံးထုတ်ကြားနာနေသော နောက်ထပ် နိုင်ငံရေးအကျဉ်းသားများကို မှတ်တမ်းတင်ထားနိုင်ခြင်း မရှိသေးပါ။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် သေဒဏ်ချမှတ်ထားမှု

**ပုဒ်မ ၄၉ - ၁ ဦး**

**ပုဒ်မ ၅၄ - ၃၈ ဦး**

**ပုဒ်မစုံစမ်းဆဲ - ၂ ဦး**

- ပုဒ်မ ၄၉ ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုတစ်စုံတရာကို ကျူးလွန်ခဲ့သည်ဟု ပြစ်မှုထင်ရှားသူများကို သေဒဏ်ချမှတ်နိုင်သည်။ စစ်အုပ်စုသည် ဤပုဒ်မဖြင့် လူ (၁)ဦးကို မျက်ကွယ်သေဒဏ်ချမှတ်ခဲ့ပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိအချက်အလက်များအရ နောက်ထပ် နိုင်ငံရေးအကျဉ်းသား (၃၃) ဦးကို ပုဒ်မ ၄၉ ဖြင့် ရုံးထုတ်ကြားနာနေဆဲဖြစ်သည်။
- ပုဒ်မ ၅၄ ဖြင့် ပုဒ်မ ၄၉၊ ၅၀၊ ၅၁ တို့ဖြင့် အကျုံးဝင်သည့် ပြစ်မှုကျူးလွန်၍ လူတစ်စုံတစ်ယောက်ကို ထိခိုက်နာကျင်စေသော သို့မဟုတ် အသက်ဆုံးရှုံးစေသည်ဟု ပြစ်မှုထင်ရှားသူများကို သေဒဏ်ချမှတ်နိုင်သည်။ စစ်အုပ်စုသည် ဤပုဒ်မဖြင့် လူ (၃၈) ဦးကို သေဒဏ်ချမှတ်ခဲ့ပြီး ဖြစ်သည်။ ထိုထဲတွင် (၃၅)ဦးမှာဖမ်းဆီးထိန်းသိမ်းခံရပြီး သေဒဏ်ချမှတ်ခံရကာ ကျန် (၃) ဦးမှာ မျက်ကွယ်သေဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။ ထို အယောက် (၃၅) ဦး မှ (၃) ဦးမှာ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် သေဒဏ် ၂ ကြိမ် ထပ်မံချမှတ်ခံထားရသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့အထိအချက်အလက်များအရ နောက်ထပ် နိုင်ငံရေးအကျဉ်းသား (၃၁) ဦးကို ပုဒ်မ ၅၄ ဖြင့် ရုံးထုတ်ကြားနာနေဆဲဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အင်းစိန်ထောင်တွင်းရှိ စစ်ခုံရုံးမှဒဂုံတက္ကသိုလ်ကျောင်းသား(၇) ဦးကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် သေဒဏ်ချမှတ်ခဲ့သည်။စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ၌ ပါဝင်ပတ်သက်မှုရှိသည်ဟု စွပ်စွဲ၍ ၎င်းတို့ ၇ ဦးကို ၂၀၂၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို သေဒဏ်ချမှတ်သည့် သတင်းကို ထောင်တွင်းသတင်းအရင်းအမြစ်များမှ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုကျောင်းသား (၇) ဦးမှာ - ဘယ်မှညာ - ခန့်ဇင်ဝင်း (အသက် ၁၉ နှစ်)၊ ဇင်လင်းနိုင် (အသက် ၁၉ နှစ်)၊ သူရမောင်မောင် (အသက် ၂၁ နှစ်)၊ သီဟထက်ဇော် (အသက် ၂၃ နှစ်)၊ သက်ပိုင်ဦး (အသက် ၂၁ နှစ်)၊ ဟိန်းထက် (အသက် ၂၂ နှစ်)၊ ခန့်လင်းမောင်မောင် (အသက် ၁၉ နှစ်) တို့ဖြစ်သည်။



Photos/Dagon University Students' Union